## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော
## ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၄၉)နေရာအတွက် အောက်ပါ ပညာအရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) B.Sc ( Industrial–Chemistry / Chemistry/ Geology/ Marine Science/ Environmental Science/ Mathematics/ Meteorology/ Botany/ Micro–Biology) B.C Tech

(ခ) B.A ( International Relations/ Geography/ Archaeology )

(ဂ) L.L.B

(ဃ) B.Sc (Forestry)/ B.Agri.Sc / B.V.S

(c) B.E(Chemical/ Civil/ Electrical Power/ Textile/ Information Science & Technology/ Petroleum/ Mining/ Materials & Metallurgy/)

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ဖြစ်ပါက ဘွဲ့တစ်ခုခုရရှိသူများအားလုံး လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) (၃၁-၇-၂၀၂၁) ရက်နေ့တွင် အမှတ်စဉ်(က)နှင့်(ခ) ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၅)နှစ် နှင့် အမှတ်စဉ် (ဂ)မှ (c)အထိ ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၇)နှစ်၊ မဟာဘွဲ့ ရရှိသူဖြစ်ပါက အသက် (၂၈) နှစ်၊ ပါရဂူဘွဲ့ ရရှိသူဖြစ်ပါက အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက ၎င်းဘွဲ့အားလုံးအတွက် အသက် ၃၂ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသ မရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(c) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးရမည်။

၄။ ဝင်ခွင့်စာမေးပွဲများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံး စာစစ်ဌာနများ၌ ၂၂-၈-၂၀၂၁ ရက်(တနင်္ဂနွေနေ့)တွင် COVID-19 ကာကွယ်၊ထိန်းချုပ်၊ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော www.ecd.gov.mm တွင် download ရယူနိုင်ပြီး အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ နေပြည်တော်သို့ လိပ်မူ၍ အမြန်ချောပို့/စာတိုက်မှတစ်ဆင့် (၁၀-၈-၂၀၂၁)ရက် (အင်္ဂါနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည် (လူကိုယ်တိုင်လာရောက် လျှောက်ထားရန်မလိုပါ) -

(က) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၃)ပုံ
( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( ဂ ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအားလူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

( င ) (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

( စ ) သက်ဆိုင်ရာပြည့်သူ့ဆေးရုံများတွင် တစ်လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း

( ဆ ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

၆။ ဝန်ထမ်းဖြစ်ပါကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် (၁၀-၈-၂၀၂၁)ရက် (အင်္ဂါနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသူများကို (လုံး၀) ထည့်သွင်းလက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၁၆-၈-၂၀၂၁ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော www.ecd.gov.mm နှင့် ဝင်ရောက်ဖြေဆိုမည့် စာစစ်ဌာနများ၌ ကြေညာပေးသွားမည်ဖြစ်၍ ၂၁-၈-၂၀၂၁ ရက်နေ့တွင် ဖြေဆိုခွင့်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်ပြသ၍ ထုတ်ယူနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဦးစီးရုံးချုပ်၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀۶၇-၃၄၃၁၃၁၃ ၊ ၀۶၇-၃၄၃၁၃၄၂။ ၀۶၇-၃၄၃၁၃၄၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန